


ခိတ်ကားဒီဒီအနုပညာ


# စိန်မျိုးမြင့်

## မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု
## အငွေ့အနှစ်များ

mgyoe.com

# စိန်မျိုးမြင့်

## မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု
## အငွေ့အနှစ်များ




HIS0041
5,000.00KS

mgyoe.com

မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ စိန်မျိုးမြင့်
စာမျက်နှာ ၁၁၇ မျက်နှာ၊ ၁၈.၅ စင်တီ× ၂၅.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၅၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

# မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ

စိန်မျိုးမြင့်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ

[illegible]င်နှင့် ပတ်သက်၍ သမိုင်းစာတမ်း၊ [illegible] သုတေသန အစီရင်ခံစာများ များစွာ [illegible]ည်။ စာအုပ်အနေဖြင့် ပဲခူးမင်းကျောင်း ဆရာတော် ဦးပဏ္ဍိတ၏ "ဓညဝတီ ရာဇဝင်သစ်ကျမ်း" (၁၉၁၀)၊ ရမ်းဗြဲတောင်ကျောင်းဆရာတော် ဦးစန္ဒမာလာ၏ "ရခိုင်ရာဇဝင်သစ်ကျမ်း" (၁၉၃၁) စသည့် တန်ဖိုးရှိလှသော သမိုင်းမှတ်တမ်းကျမ်းများ ထွက်ရှိခဲ့ဖူးပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ ဒေါက်တာ ပင်မလာဂတ်တမင်၏ "Burma's Lost Kingdoms, Splen-dowrs of Arakan" စာအုပ်လည်း ထွက်ခဲ့ဖူးသည်။

ထွက်ရှိဖူးသော စာအုပ်များ၌ မြောက်ဦး၊ ဝေသာလီ၊ ဓညဝတီနှင့် ကျောက်တော်စသည့် ဒေသ ရှေးဟောင်းအမွေအနှစ်များနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာ စုံစုံလင်လင် ပြုစုထားသော စာအုပ်မှာ ရှားပါးပါသေးသည်။

တကယ်တော့ ရခိုင်သမိုင်းမှာ အတော်ရှည်လျား ကျယ်ပြန့်ပါသည်။ ရခိုင်နှင့်ပတ်သက်၍ ရှိခဲ့သော သမိုင်းအချက်အလက်များ၌ ရှေးဦးပိုင်း ကာလအဆိုများမှာ ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန်များလည်း ရှိပေရာ အငြင်းပွားဖွယ်ရာများလည်း ရှိပါသည်။ ရခိုင်သမိုင်းတွင် ဒွါရဝတီ၊ ရှေးဟောင်းဝေသာလီ၊ ငွေးသင်းတောင်၊ ပထမ ဓညဝတီ၊ ကန်သုံးဆင့်၊ နီလာပန်းတောင်း၊ ဒုတိယ ဓညဝတီ၊ တတိယ ဓညဝတီ စသည်ဖြင့် သမိုင်း၊ ရာဇဝင်ကို စဉ်ခဲ့ကြရာတွင် ရခိုင်သမိုင်းအစမှာ ဘီစီ ရာစု အတော်စောစောဟု ဆိုကြသည်။ ပထမ ဓညဝတီ ရာဇဝင်ပင် ဘီစီ ၃၀၀၀ ၌ စတင်သည်ဟု ဆိုပြန်ပါသည်။ အခိုင်အခံ့ မှတ်တမ်းပြုရန်မှာ ခက်ခဲပါသည်။

ဝေသာလီကို တစ်ကျော့ပြန်တည်သော အေဒီ ၃၂၇ မှ ၇၇၆၊ ပထမမြောက်ဦး အေဒီ ၇၇၆– ၇၉၂၊ ပထမစမ္ဗဝက် အေဒီ ၇၉၄ – ၈၁၆၊ ပဉ္စာ အေဒီ ၈၁၈ – ၁၁၀၃၊ ပထမလောင်းကြက် အေဒီ ၁၁၀၃၊ ပထမပုရိန် အေဒီ ၁၁၀၃ – ၁၁၂၃၊ ဒုတိယ ပုရိန်အေဒီ ၁၁၂၃ – ၁၁၄၂။ ခြိပ် အေဒီ ၁၁၄၂ – ၁၁၅၄၊ ဒုတိယစမ္ဗဝက် အေဒီ ၁၁၅၅ – ၁၁၆၃၊ မြို့ဟောင်းတောင်ငူ အေဒီ ၁၁၆၃ – ၁၂၅၀၊ ဒုတိယ လောင်းကြက် အေဒီ ၁၂၅၁ – ၁၄၀၆ (၁၄၂၈)

mgyoe.com

ဟူ၍ မှတ်တမ်းပြုကြသည်။ (အေဒီ ၈၁၈ မှ ၁၄၀၆ အထိ ကာလကို လေးမြို့ခေတ်ကာလဟု ဆိုကြပေသည်။)

မြောက်ဦးခေတ်ကာလမှာ အေဒီ ၁၄၃၀ မှ စတင်၍ အေဒီ ၁၇၈၄ ခုတွင် ဘုရင် ဘိုးတော်ဘုရား တိုက်ခိုက်သိမ်းယူခဲ့သဖြင့် မြောက်ဦးမင်းဆက်၊ မြောက်ဦးခေတ်မှာ မင်းဆက်ပြတ်ပြီး မြောက်ဦး မြို့တော်လည်း ပျက်သုဉ်းခဲ့ရပေသည်။ မြောက်ဦး ခေတ်ကာလမှာ နှစ်ပေါင်း ၃၅၄ နှစ် အဓွန့်ရှည်ခဲ့ပေသည်။

မြောက်ဦးခေတ်ကာလတွင် မြန်မာဘုရင်များနှင့် ရခိုင်ဘုရင်များ၏ ကောင်းမွန်သော ဆက်ဆံမှုကိုလည်း တွေ့ရသည်။ မြောက်ဦး၌ အေဒီ ၁၄၃၃ ၌ နန်းတက်သော မင်းခရီ၏လက်ထက် တွင် အင်းဝဘုရင် နရပတိ (အေဒီ ၁၄၄၂ – ၁၄၆၈) နှင့် မဟာမိတ်ပြုခဲ့ကြသည်။ အေဒီ ၁၅၄၆ တွင် ဖြစ်ပွားခဲ့သော စစ်ပွဲအပြီး တပင်ရွှေထီး၊ ဘုရင့်နောင်တို့နှင့် ရခိုင်ဘုရင်မင်းဗာကြီး (အေဒီ ၁၅၃၁ – ၁၅၅၃) တို့သည် နောက်ပိုင်း၌ ချစ်ကြည်စွာ ဆက်ဆံခဲ့ကြသည်။ အေဒီ ၁၅၉၇ တွင် တောင်ငူ မင်းငယ် (မင်းရဲသီဟသူ) နှင့် ရခိုင်ဘုရင် မင်းရာဇာကြီးတို့သည် ချစ်ခင်စွာ ဆက်ဆံခဲ့ကြသည်။ အေဒီ ၁၆၂၂ – ၁၆၃၈ နှစ် ညောင်ရမ်းမင်း သာလွန် မင်းတရားတို့သည် သံတမန်များ အပြန်အလှန်စေလွှတ်ကာ ချစ်ကြည်ရင်းနှီးခဲ့ကြသည်။

မြောက်ဦးကို တစ်ချိန်က မြို့ဟောင်းဟုလည်း အမည်ခေါ်တွင်ခဲ့ကြသေးသည်။ ရခိုင်သမိုင်း၏ အကျော်ကြားဆုံး၊ အဖွံ့ဖြိုးဆုံး မြောက်ဦးခေတ်၏ ရှေးဟောင်းအမွေအနှစ်များကို သွားရောက် လေ့လာမည်ဆိုပါက မြောက်ဦးနှင့် မဝေးကွာလှသော ဝေသာလီ၊ ဓညဝတီနှင့် ကျောက်တော်ဒေသများနှင့် ရှေးဟောင်းအမွေအနှစ်များကို တစ်ဆက်တစ်စပ်တည်း သွားရောက်လေ့လာသင့်ကြပေသည်။

မြောက်ဦးဒေသတစ်ကြော သွားရောက်



**အမ်းတောင်ကြားလမ်း ခရီးအစ။**




ရခိုင်ပြည်နယ်သို့ ကားဖြင့်သွားရောက်ရာတွင် ရန်ကုန်မြို့မှဆိုလျှင် ပြည်မြို့သို့ ဦးစွာသွား ရောက်ရပြီး ပြည်မှ ဧရာဝတီမြစ်ကူးတံတား "နဝဒေး မှဖြတ်ကာ ဥရှစ်ပင်သို့ ကူးရလေသည်။ ပုံမှာ နဝဒေး တံတား ဖြစ်သည်။



ဥရှစ်ပင် ပန်းတောင်းမှ ပုသိမ် မုံရွာလမ်းအတိုင်း မြောက်ဘက်သို့ခရီးဆက်ကာ ပဒါန်းလမ်းဆုံသို့ရောက်လေသည်။ ပုံမှာ ပဒါန်းလမ်းဆုံမှမြင်ကွင်းဖြစ်သည်။ မင်းဘူးမှလာသောလမ်းနှင့် ဆုံသည်။ အမ်းမြို့သို့ခရီးဆက်ရန် လမ်းဆုံလမ်းခွဲ ဖြစ်ပေသည်။ (အကယ်၍ ပန်းတောင်းမှတောင်ကုတ်၊ မအီ၊ အမ်းသို့သွားသည့် လမ်းကိုလည်း ရိုးမကိုဖြတ်၍ သုံးနိုင်သည်။)

mgyoe.com




အမ်းတောင်ကြားလမ်း။




မင်းဘူး – အမ်းလမ်း၌
အမ်းတောင်
ကြားလမ်းအရောက်။

mgyoe.com



အမ်းမြို့မှ ဈေးမြင်ကွင်း။




အမ်းမြို့ထိပ် စစ်တွေ၊ မင်းဘူးနှင့် အမ်းသို့ လမ်းခွဲနေရာ။

mgyoe.com

mgyoe.com




အမ်းမှ မအိ၊ မင်းဘူးမြို့များသို့ ခရီး အကွာအဝေးပြလမ်းညွှန်။




အမ်းမှ စစ်တွေ၊ မအိမြို့များသို့ ခရီး အကွာအဝေးပြလမ်းညွှန်။




မြန်မာ – တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ဆိုင်းဘုတ်များ။

အမ်းမြို့မှ စစ်တွေလမ်း၌ ရခိုင်ရိုးမရှိ ဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းများ တည်ဆောက်ထားပုံကို နေရာအများအပြား၌ တွေ့ရသည်။


mgyoe.com



ရိုးမကို ဖြတ်ကျော်နေသော
ရေနံဓာတ်ငွေ့ ပိုက်လိုင်းများ။

mgyoe.com

 mgyoe.com


လေ့လာရန်အတွက် စစ်တွေမြို့သို့ လေကြောင်းဖြင့် သွားရောက်ပြီး စစ်တွေမှ ကားဖြင့် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မဟာမြတ်မုနိ (ဓညဝတီ)၊ ဝေသာလီမြို့ဟောင်း၊ မြောက်ဦးမြို့ဟောင်းသို့ ခရီးစဉ်၊ သို့မဟုတ် စစ်တွေမှ မြောက်ဦးသို့ ရေယာဉ်ဖြင့် သွားရောက်၍ မြောက်ဦးမှ ကားဖြင့် ဝေသာလီ၊ ဓညဝတီ၊ ကျောက်တော်ခရီးစဉ်။ မြန်မာနိုင်ငံအရပ်ရပ်မှ ကားဖြင့် တိုက်ရိုက်သွားရန်မှာ မင်းဘူး၊ ပဒါန်း၊ အမ်း၊ မြေပုံမြို့နယ်၊ မင်းပြားမြို့နယ်တို့ကို ဖြတ်၍ မြောက်ဦးသို့ အရောက်သွားနိုင်သည်။ ပြည်မြို့သို့သွားပြီး နဝဒေးတံတားမှ တစ်ဖက်ကမ်းကူးကာ ဥသျှစ်ပင်၊ ညောင်ကျိုး၊ တောင်ကုတ်၊ မအီ၊ အမ်းမှ မြေပုံမြို့နယ်၊ မင်းပြားမြို့နယ်တို့ကိုဖြတ်၍ မြောက်ဦးသို့လည်း သွားရောက်နိုင်ပေသည်။

မြောက်ဦးသို့ရောက်လျှင် ဝေသာလီ၊ ဓညဝတီ (မဟာမုနိ)၊ ကျောက်တော်တို့မှာ အချိန်များစွာမယူရဘဲ လှည့်လည်နိုင်ပေသည်။ တစ်နေရာနှင့် တစ်နေရာမှာလည်း များစွာမဝေးကွာပေ။ မြောက်ဦးတွင် ယခုအခါ၌ တည်းခိုခန်း၊ ဧည့်ရိပ်သာနှင့် ဟိုတယ်အတော်များများ ရှိနေပြီဖြစ်ရာ မြောက်ဦး၌ တည်းခိုနေထိုင်ပြီး လှည့်လည်သွားလာမှုမှာ အတော်ပင် အဆင်ပြေပေသည်။ စားသောက်ဆိုင်၊ ထမင်းဆိုင်များလည်း အများအပြား ရှိနေပြီဖြစ်ရာ စားရေးသောက်ရေးမှာလည်း လွယ်ကူလျက် ရှိပေပြီ။

တစ်ချိန်တစ်ခါက မြောက်ဦးသို့ သွားရေးလာမှုမှာ စစ်တွေမှ ရေကြောင်းဖြင့်သာ သွား၍ရခဲ့ရာမှ (သက္ကရာဇ် ၂၀၀၀ ဝန်းကျင်အထိ) ယခုအခါ



နတ်ရေကန်စခန်းရှိသည့် ရွှေမဲတောင်ကို မတက်ရ၊ မဆင်းရတော့သော ရှောင်ကွင်းလမ်း။

mgyoe.com



အမ်း – မြောက်ဦး ကားလမ်းခရီး၌ ရွာငယ်များ၊ မြစ်ကူးချောင်းကူး တံတားများကို ဖြတ်ရသည်။ အုန်းတည်တံတား။




အုန်းတည်တံတား။




ဒလက်ချောင်းတံတား။




အင်ကြင်းရွာ။


mgyoe.com



ယောချောင်းတံတား။



ကပိုင်လမ်းဆုံ။





ရာမောင်တံတားအနီးမှ အကွာအဝေးပြ လမ်းညွှန်။




ကျေးရွာအခြေပြအချက်အလက်။

mgyoe.com

mgyoe.com



မင်းပြားလမ်းဆုံမှ လမ်းညွှန်အကွာအဝေး ဆိုင်းဘုတ်။




မင်းပြားလမ်းဆုံမှ ရှေ့ခရီးအကွာအဝေးပြ လမ်းညွှန်။



ရာမောင်တံတား (မင်းပြား)။




မြောက်ဦးအဝင် မြောင်ဘွေ၌ တံတားတစ်ခု ဖြတ်ရသည်။ တံတား၏ အတိုင်းအတာနှင့် တည်ဆောက်ရက်မှတ်တမ်း။

mgyoe.com

mgyoe.com

၌ လမ်းများသာလျက် ကားဖြင့်သွားနိုင်သော နေရာများ ဖြစ်လာပေပြီ။ စာရေးသူ ပထမဆုံး ရောက်ဖူးသည့် ၁၉၉၀ ပြည့်ကျော်ကာလကဆိုလျှင် စစ်တွေသို့ လေယာဉ်၊ သင်္ဘောတို့ဖြင့် သွားရောက်ရပြီး စစ်တွေမှ မြောက်ဦး၊ သို့မဟုတ် ကျောက်တော်သို့ ရေကြောင်းအားကိုးကာ သင်္ဘော၊ မော်တော်တို့ဖြင့် သွားရပြန်ရသည်။ မြောက်ဦးသို့ ရောက်ပြန်လျှင်လည်း မြို့တော်ဟောင်းဧရိယာအတွင်း၌ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံ၊ ဘုရားပုထိုးများသို့ ရောက်ရန်အတွက် ခြေကျင်အားကိုးသွားရသည်။ လမ်းလျှောက်သွားရသော နေရာများက များလှသည်။ အချို့နေရာများမှာ ချုံနွယ်ပိတ်ပေါင်းရှိနေရာ စာရေးသူ ထိုနေရာမျိုးဝင်ရန်အတွက် ချုံရှင်းသည့် ဓားသမားခေါ်ကာ သွားခဲ့ရသည်ကို အမှတ်တရ ရှိခဲ့ပေသည်။ ယခုမူ မြောက်ဦးဝန်းကျင်၌ နေရာစုံသို့ ကားဝင်ရန် လမ်းပေါက်နေပြီး ကားဖြင့် အလွယ်တကူ သွားရောက်နေနိုင်ပေပြီ။ ၂၀၀၀ ပြည့်ဝန်းကျင်ခန့်မှ စကာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ယိုယွင်းပျက်စီးနေသော ရှေးဟောင်းအဆောက်အအုံ၊ ဘုရားပုထိုးမှအစ နန်းရာကုန်းနှင့် မြို့ရိုး၊ ရေတံခါး စသည်များကို ထိန်းသိမ်းပြုပြင်လာခဲ့ရာ အတော်များများ ပြီးစီးနေပြီဖြစ်သည်။


ဥပမာအားဖြင့် တစ်ပိုင်းပြိုပျက်နေသော ရတနာပုံစေတီကြီး၊ ယိုင်ရွဲ့စပြုနေသော အံတော်သိမ် စသည်တို့မှာ ဝင်ရထွက်ရခက်သည့်အပြင် ချုံနွယ်များ ပိတ်၊ အချို့အောက်ခြေများ မြေများပို့နေသော ဥပမာအားဖြင့် ချိန်ကိုက် ပိဋကတ်တိုက်၊ အနော်မာ၊ လောင်ပွန်းပြောက်၊ ကိုးသောင်းပုထိုး၊ မင်းခေါင်ရွှေတူကဲ့သို့သော နေရာအတော်များများမှာ ထိန်းသိမ်းပြုပြင်မှု၊ ရှင်းလင်းဖော်ထုတ်သန့်ရှင်း



မြောက်ဦးမြို့အနောက်ဘက်မှ အောင်တပ်ချောင်း၊ ရေစူးကောင်း၍ အတော်ကျယ်ရာ မြစ် ငယ်တစ်ခုဟု ဆိုနိုင်သည်။

mgyoe.com

mgyoe.com




အောင်တပ်ချောင်းမှ မြောက်ဦးဆိပ်ခံ တံတား။



မြောက်ဦးမြို့၏ အထင်ကရ အနော်မာကန်။

mgyo

mgyoe.com 



အနော်မာကန်မှ ရှေးဟောင်းရေတံခါး။

အနော်မာကန် မြင်ကွင်းကျယ်။



mgyoe.com

ရေး ပြုလုပ်မှုများ ဆောင်ရွက်ခဲ့ရာ ယခုအခါ နေရာ စုံသို့ လွယ်ကူစွာ ဝင်ရောက်နိုင်နေပြီဖြစ်ပေသည်။

မြောက်ဦးတစ်ဝိုက်မှာ နိုင်ငံသမိုင်းကို စိတ်ဝင်စားသူများ၊ ရှေးဟောင်းအမွေအနှစ် လေ့လာလိုသူများ၊ သွားရောက်လေ့လာသင့်သောနေရာ ဖြစ်ပေသည်။

* * *

မြောက်ဦး။ ။ မြောက်ဦးနှင့် ကျောက်တော်ကြား၊ ကုလားတန်မြစ် (ကစ္ဆပနဒီ)နှင့် လေးမြို့မြစ်ကြား မြေအတန်အသင့်ညီညာ (တောင်နိမ့်လေးများ ရှိသည်)၍ စိုက်ပျိုးရေးကောင်းသော အလျား မိုင် ၂၀ ကျော်ခန့် (တောင် – မြောက်)၊ အနံ ရှစ်မိုင်ခန့် လယ်ယာမြေလွင်ပြင်မှာ မြေသြဇာ ကောင်းလှ၍ စပါးအထွက်ကောင်း၊ သီးနှံအထွက်ကောင်းသော နေရာဖြစ်ပေသည်။

ထိုကြားထဲတွင် မြောက်ဦးမှ မြောက်ဘက်သို့ထွက်သည့် ကျောက်တော်လမ်းတွင် ငါးမိုင်ခန့်၌ ဝေသာလီ မြို့ဟောင်းနေရာကို တွေ့ရသည်။ မြောက်ဦးမှ မိုင် ၂၀ ကျော်ခန့်တွင် ဓညဝတီမြို့ဟောင်းရာကို တွေ့ရသည်။ မြေပေါ်အနေအထား၌ မြို့ဟောင်းရာမှာ များစွာ မသိသာသော်လည်း ကောင်းကင်မြေပုံမှ ကြည့်လျှင် ထင်ရှားစွာ တွေ့ရသည်။ ဝေသာလီမြို့ဟောင်းနှင့် ဓညဝတီမြို့ဟောင်းတို့မှာ မြန်မာနိုင်ငံ အလယ်ပိုင်း၌ တွေ့ရသော ပျူမြို့ဟောင်းများနှင့် ပုံစံနီးစပ်သည်။ စက်ဝိုင်းပျက်ပုံများ ဖြစ်ကြသည်။ ဝေသာလီမှာ အလျား (တောင်မြောက်) ပေ ၁၀၀၀၀ ခန့်၊ အနံ (အရှေ့အနောက်) ပေ ၆၅၀၀ ခန့် ရှိသည်။ ဓညဝတီမှာ တောင်မြောက် ပေ ၈၀၀၀၊ အရှေ့အနောက် ပေ ၃၅၀၀ ခန့် ရှိပေသည်။ ထူးခြားချက်မှာ ရခိုင်ပြည်နယ်၌ အလွန်လူသိများထင်ရှားသည့် မဟာမုနိဘုရားကြီး ပရဝဏ်မှာ အတွင်းနန်းမြို့ရိုး၏ မြောက်ဘက် အပြင်မြို့ရိုးကြီးနှင့် ကပ်လျက် မြို့တော်ရာ




မြောက်ဦးရှေးဟောင်း ရေတံခါးတစ်ခု။

mgyoe.com



ကျောက်လှေကားနှင့် နန်းမြို့ရိုး။


နန်းတော်ကုန်းသို့ အတက် အရှေ့ဘက် ကျောက်လှေကား။



mgyoe.com



မြောက်ဦး နန်းမြို့ရိုးမှ နန်းတော်ရာသို့ တက်ရောက်ဝင်ထွက်နိုင်သည့် တံခါးတစ်ပေါက်။





**VIEW OF MRAUK-U**

**From the Portuguese quarter of Daingri-pet**
**from Schouten, 'voyages'; 1676**

ပေါ်တူဂီတို့ မှတ်တမ်းပြုခဲ့သော မြောက်ဦး ရွှေနန်းတော်နှင့် မြို့တော်မြင်ကွင်း ပန်းချီကားကို ပြန်လည်ကူးယူရေးဆွဲထားသော ပန်းချီကား။

mgyoe.com




မြောက်ဦးမြို့တော်ကို ပေါ်တူဂီတို့ မှတ်တမ်းတင်ခဲ့သော ပန်းချီကား၊ ဒိုင်းကျီဘက်မှ မြင်ကွင်း။

အတွင်းတွင် တွေ့ရသည်။

မြောက်ဦးမြို့တော်ဟောင်းရာမှာမူ ဓညဝတီ၊ ဝေသာလီတို့ကဲ့သို့ မဟုတ်ပေ။ မြို့ကွက်တည်ဆောက်ပုံမှာ အဝန်းအဝိုင်းလည်း မကျ၊ ထောင့်မှန်စတုရန်း၊ စတုဂံပုံလည်း မကျ၊ သဘာဝတောင်စွယ်လေးများ၊ သဘာဝချောင်းများ၊ ကန်ကြီးများ အနေအထားပေါ်တွင် မူတည်၍ မြို့တော်ကို တည်ထားသည်ဖြစ်ရာ ပုံစံမှာ အဝိုင်း၊ ထောင့်မှန် မကျပေ။

မြောက်ဦးမြို့တည်နေရာမှာ ကုလားတန်မြစ်ဝမှ ၄၅ မိုင်ခန့်တွင်ရှိသည့် ဝက်သားစို့( ဝက်သားတိုး) တောင်ကြော၏ တောင်ဘက်အစွန် မြောက်ဘက်မှ တောင်ဘက်သို့ ခပ်ယွန်းယွန်း သွယ်ဆင်းနေသော တောင်စွယ်တောင်ကြားရှိ မြေနိမ့်လွင်ပြင်၌ တည်ရှိပေသည်။ မင်းစောမွန်သည် မြောက်ဦးမြို့တော် တည်ခဲ့ရာ၌ ရေကြောင်းဆက်သွယ်ရေးနှင့် စစ်ရေးစစ်ရာအရ လုံခြုံရေးအတွက် ရေကျုံးများ၊ ရေတံခါးများ၊ မြောင်းသွယ်များကို ခံတပ်သဖွယ် ဖန်တီးခဲ့သည်ဟု ဆိုရပေမည်။ မြောက်ဦးမြို့တွင်း၌ ဖြတ်စီးနေသော အလယ်ဈေးချောင်း (တစ်ချိန်က မြစ်ငယ်လေးဟု ဆိုနိုင်ပေသည်) အရှေ့ဘက်တောင်စွယ်များဘက်မှ အဖျားခံသော အလယ်ဈေးချောင်းမှာ မြောက်ဦးမြို့၏ ရေလမ်းဝင်ပေါက် အောင်တပ်ချောင်း (ဤချောင်းသည်လည်း မြစ်ဟု ဆိုနိုင်သည်) နှင့် ဆက်လျက်ရှိရာ ရေတက်ရေကျရှိသော အောင်တပ်ချောင်းမှ ရေအလျဉ်မှာ အလယ်ဈေးချောင်းကိုလည်း ရေတက်ရေကျဖြစ်စေပြီး ရေစီးကောင်းခဲ့ပေမည်။ မြောက်ဦးခေတ်က အောင်တပ်၏ရေအလျဉ် အတက်အကျမှာ ယခုကာလထက် များစွာသန်စွမ်းပေလိမ့်မည်။ မြောက်ဦး၌ ပေါင်းတုတ်ချောင်းမှာလည်း လေးမြို့မြစ်နှင့် ဆက်စပ်၍ စီးဆင်းနေရာ အရေးပါလှသည်။ အလယ်ဈေးနှင့် ပေါင်းတုတ်ကို မြောက်ဦးမြို့တော် စည်ပင်ခဲ့သည့် ကာလက ရေတံခါး၊ ရေကျုံးအဖြစ်လည်းကောင်း၊ လှေများ ကူးသန်းသွားလာရန်အတွက်လည်းကောင်း ရှေးရခိုင်လူတော်တို့က တူးဖော်ထိန်းသိမ်းပြုပြင်မှုကို ကျွမ်းကျင်လိမ္မာစွာ ပြုလုပ်ခဲ့ကြသည်ဟု တွက်ဆရပေသည်။

မြောက်ဦးမြို့၌ ယခုတိုင်တွေ့ရသေးသော အနုမကန် (အနော်မာကန်)၊ လက်ဆည်ကန် တို့ကို

မိုးတွင်းကာလတွင် ရွာသော မိုးရေ၊ ဝန်းကျင်မှ ချောင်းရေတို့ကို လှောင်နိုင်ရန် စီစဉ်၍ သောက်ရေ သုံးရေ၊ စိုက်ပျိုးရေးတို့အတွက် သုံးခဲ့ပေသည်။ ထို့အပြင် မြို့တော်တွင်း၌ ကျုံးများတူးခဲ့ရာ၌ တောင်ဘက်တွင် လေးကျုံး၊ အရှေ့ဘက်တွင် ကိုးကျုံး၊ မြောက်ဘက်တွင် နှစ်ကျုံးကို မှတ်တမ်းတွေ့ရသည်။ အနောက်ဘက်၌ အောင်တပ်ချောင်းကြီးနှင့် ဒီရေရောက်တောမှာ အမိက သဘာဝကျုံး ဖြစ်တော့သည်။

မြောက်ဦးမြို့တော် လူနေမှုနှင့် ပတ်သက်၍ မြောက်ဦး၌ အတန်ကြာနေထိုင်သွားသော ပေါ်တူဂီဘုန်းတော်ကြီး ဖရေးမန်နရစ်က မြို့တော်၏အလယ်လောက်ကို မြစ်တစ်စင်းဖြတ်ရာ၌ သဘာဝ မြစ်လက်တက်များအပြင် လူတို့တူးဖော်သော မြောင်းငယ်များလည်း ခက်ဖြာစီးဆင်းနေသည်။ ထိုနေရာများ၌ လှေကြီးလှေငယ်များဖြင့် မြောက်ဦးနေ ပြည်သူပြည်သားများ မြို့တွင်း ခရီးသွားလာရေးအတွက် ရေကြောင်းအဖြစ် အသုံးပြုကြသည်။ လှေများတွင် ဘုရင့်လှေ များပါသလို ပြည်သူပြည်သားများ၏ လှေများ၌ စားသောက်ကုန်အမျိုးမျိုး ဥပမာ – ဆန်၊ အရက်၊ အသားငါး၊ အစိုအခြောက်၊ ထောပတ်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စသည်ဖြင့် တင်ဆောင်ပြီး ချောင်းရိုးများတစ်လျှောက် ရောင်းဝယ်ဖောက်ကားကြသည်။

မြို့တော်အတွင်း၌ ရွှေရောင်လွှမ်း သစ်လုံးတိုင်ကြီးများ၊ သစ်မွှေးသစ်များ၊ ကျောက်အမာများဖြင့် တည်ဆောက်ထားသော ခံ့ထည်သည့် နန်းတော်နှင့် နန်းရာကုန်းအပြင်၊ ပြည်သူများနေသော အိမ်များမှာ ကြိမ်၊ ဝါးများ၊ သစ်သားများဖြင့် ဆောက်လုပ်နေထိုင်ကြသည်။ ဓနိမိုးများ အများဆုံး တွေ့ရသည်။ အိမ်များမှာ ရာထူးဌာနန္တရ အဆင့်အလိုက်၊ ငွေကြေးကြွယ်ဝမှုအလိုက် အသွင်အပြင် ကွဲပြားကြသည်။ ကြိမ်၊ ဝါး၊ သစ်သားတို့ဖြင့် စိတ်ကူးစိတ်သန်းကောင်းစွာ အရောင်အသွေးစုံစုံဖြင့် သေသပ်လှပစွာ ဆောက်လုပ်ထားကြသည်။ အိမ်များမှာ သံမှိုမသုံးဘဲ ခိုင်ခံ့မာကျောသော ကြိမ်ကို အလုံးလိုက်သော်လည်းကောင်း၊ ဓားဖြင့်လွှာသော ပါးလွှာလှသည့် ကြိမ်နီးဖြင့်လည်းကောင်း ချည်နှောင်ဆောက်လုပ်ကြသည်ဟု မန်နရစ်က မှတ်တမ်းတင်ခဲ့သည်။ ရာထူးရာခံရှိ မင်းမှူးထမ်း မင်းညီမင်းသားများ၏ အိမ်များမှာမူ သစ်သားကို ပန်းပုထု ပုံဖော်၍လည်းကောင်း၊ ရွှေချ၍လည်းကောင်း၊ စဥ့်ရည်၊ ကြွေရည်သုတ်၍လည်းကောင်း အလှဆင်ထားကြသည်ဟု မှတ်တမ်းတင်ထားပေသည်။

မြောက်ဦးနန်းတော်အတွင်းသို့ ရောက်ခဲ့သော ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်က ဆောက်လုပ်ထားသော နန်းတော်သစ်သားတိုင်ကြီးများ၏ ကြီးမားမှု၊ ဖြောင့်တန်းမှု၊ ရှည်လျားမှုကို ချီးကျူးထားသည်။ နန်းတော်အတွင်းခန်းများတွင် နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသည့် နံ့သာမွှေးသစ်သားများဖြင့် ဆောက်လုပ်ထားသည့်အပြင် ရတနာ၊ ရွှေတို့ဖြင့်လည်း စီခြယ်ထားသည်ဆို၏။ အထူးသဖြင့် ရွှေအိမ်တော်ဟု မန်နရစ်က အမည်ပေးခဲ့သော အဆောင်၌ ခန်းမပြည့် ရွှေဖြင့် ပြုလုပ်ထားသော မျက်နှာကြက်၊ ရွှေဖြင့်ပြုလုပ်ထားသော ကနုတ်ပန်းခက်နွယ်များ၊ ရွှေသားဖြင့် ထုလုပ်ထားသည့် လူရုပ်တု ခုနစ်ခု ရှိသည်ဟု ဆိုသည်။ အခေါင်းပွအရုပ်များ ဖြစ်သော်လည်း နှစ်လက်မခန့်ထူသော ရွှေသားဖြင့် ထုလုပ်ထားပြီး ရုပ်တုများ၏ နဖူး၊ ရင်ဘတ်၊ လက်မောင်း၊ ခါးတို့တွင် အဖိုးတန်ကျောက်မျက်ရတနာများ စီခြယ်ထားသည့်ဆို၏။ (မန်နရစ်မြင်ခဲ့သော ရုပ်တုများမှာ နန်းစဉ်ဘိုးဘဘုရင်များ၏ ရုပ်တုများ ဖြစ်နိုင်ပေသည်။)





မြောက်ဦးမှ ဝေသာလီ၊ ဓညဝတီ မြို့ဟောင်းများသို့ သွားရာတွင် လမ်း၌ရှိသော ဝေသာလီရွာတွင် တွေ့ရသည့် ဝေသာလီဆုတောင်း ပြည့်ဘုရားကြီး မုခ်ဦး။



မဟာတိုင်းစန္ဒြားမင်းနှင့် မိဖုရား သုပဘာ ဒေဝီတို့၏ ကောင်းမှု အေဒီ ၃၂၇ က ထုလုပ်ကိုးကွယ်ခဲ့သည့် ဝေသာလီရုပ်ပွားတော်ကြီး၊ ဘူမိဖဿ မုဒြာဟန်ဖြစ်၍ ထူးခြားချက်မှာ ကျောက်တုံးတစ်တုံးတည်းကို ထုလုပ်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော် ၁၇ ပေ ရှိသည့် အရွယ်အစားကြီးသော ရုပ်ပွားတော် ဖြစ်သည်။


mgyoe.com



ဝေသာလီရွာတွင်
တွေ့ရသည့်
ဝေသာလီခေတ်
ကျောက်ဆစ်လက်ရာများ။

မြောက်ဦးမှ ကျောက်တော်သွားကားလမ်း၌
မဟာမုနိဘုရား မရောက်မီ
မညဝတီမြို့ဟောင်းထိပ်၌ တွေ့ရသော မုခ်ဦး။






**ကုလားတန်မြစ် (ကစ္ဆပနဒီမြစ်)ကို ဖြတ်ကူးထားသော ကျောက်တော်မြို့မှ ကစ္ဆပနဒီတံတားကြီး။**

ရခိုင်ဘုရင်များဖြစ်သည့် မင်းစောမွန်၊ နရနု၊ ဘစောဖြူ၊ မင်းဗာကြီး၊ မင်းတိက္ခာ၊ မင်းစောလှ၊ မင်းဟရိတို့ နန်းတက်ကြချိန် ဘုရင်အဆက်ဆက်တွင် မြောက်ဦးမြို့တော် ကာကွယ်ရေးအတွက် မြို့ရိုး၊ ကျုံး၊ ရေကာတာ၊ ရေတံခါးနှင့် ဘုရင့်ရေတပ်မတော်တို့ကို အင်အားကောင်းအောင် ဆောင်ရွက်ခဲ့ကြရာ မြောက်ဦး အောင်မြင်ကျော်ကြား လုံခြုံခဲ့ပေသည်။ မင်းဗာကြီးခေါ် မင်းဘင် (အေဒီ ၁၅၃၁ – ၁၅၅၃) လက်ထက်တွင် အေဒီ ၁၅၄၅ ခုနှစ်၌ ကျူးကျော်လာသည့် ပေါ်တူဂီတို့ကိုလည်းကောင်း၊ ထိုစဉ်က မြန်မာတပ် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ လာရောက်တိုက်ခိုက်သည့် အေဒီ ၁၅၄၆ တွင်လည်းကောင်း မြောက်ဦးမကျအောင် ကာကွယ်နိုင်ခဲ့ပေသည်။

မြောက်ဦး ကြီးပွားတိုးတက်ခဲ့သော ကာလက ရခိုင်ဒေသတွင် ဆန်ရေစပါးပေါများ၍ ပြည်ပသို့ပင် ရောင်းချကုန်သွယ်နိုင်ခဲ့ခြင်းသည် တိုင်းပြည်ချမ်းသာရေး၏ အခြေခံအချက်တစ်ချက် ဖြစ်ပေသည်။ ရခိုင်ယဉ်ကျေးမှုဖြစ်စဉ်၌ ကုလားတန်နှင့် လေးမြို့မြစ်ကြား မြစ်ဝှမ်းဒေသများမှာ စပါးစိုက်ဧရိယာ၊ သီးနှံဖြစ်ထွန်းသော နုန်းတင်မြေနု မြေဩဇာကောင်းသော ဒေသဖြစ်သည်ကို တွေ့ရပေသည်။ တစ်ဖက်မှလည်း မိုးရွာသွန်းမှု မိုးရေချိန်လက်မကောင်းသော ဒေသဖြစ်ရာ လယ်ယာစိုက်ပျိုးရေး ကောင်းပေသည်။ ဆန်စပါးအပြင် ကွမ်းသီး၊ ဆေးရွက်ကြီး၊ အုန်း၊ ဓနိ၊ ဝါဂွမ်း၊ ဟင်းသီးဟင်းရွက်စုံ စိုက်ပျိုးကြပြီး စိုက်ပျိုးရေးနှင့်တွဲဖက်၍ နွား၊ ကျွဲ၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲများ မွေးမြူ

mgyoe.com

mgyoe.com

ကြသည်။ ရှေးကာလဖြစ်တည်ခဲ့သော ရခိုင်မြို့တော်များအနက် ဓညဝတီ (အဓိပ္ပာယ်မှာ ဆန်စပါးပေါများသောဒေသ)၊ ဝေသာလီ(အဓိပ္ပာယ်မှာ ကောက်ပဲသီးနှံ ပေါများသောဒေသ) ဟု ခေါ်တွင်ခဲ့ကြောင်း ဆိုသည်။

ပေါ်တူဂီဘုန်းကြီး ဖရေးမန်နရစ် (မြောက်ဦးသို့ အေဒီ ၁၆၂၉ – ၁၆၃၅ အတွင်း ရောက်ရှိနေထိုင်ခဲ့သည်) အေဒီ ၁၄၃၃ တွင် အီတလီလူမျိုး နီကိုလိုဒီကွန်တီး၊ အေဒီ ၁၅၁၇ ခုဦ ပေါ်တူဂီလူမျိုး ဒန်ဂျော်ဒေ ဆီလ်ဗီးရီးယား၊ အေဒီ ၁၅၉၃ ၌ ပေါ်တူဂီလူမျိုး ဖီးလစ်ဒီဗရစ်တို (ငဇင်ကာ) စသူတို့ မြောက်ဦးသို့ ရောက်ခဲ့ကြဖူးပြီး နောက်ပိုင်းတွင် ဒတ်ချ်၊ ပေါ်တူဂီလူမျိုး ကုန်သည်များ၊ စစ်သားများ အများအပြား ရောက်ရှိခဲ့ကြဖူးပေသည်။ ထိုပုဂ္ဂိုလ်များထဲမှ အတော်များများသောသူများက မြောက်ဦးအကြောင်း တွေ့ရသမျှ မှတ်တမ်းများစွာ တင်ခဲ့ကြသည်။

မန်နရစ်၏မှတ်တမ်းတွင် မြောက်ဦးဆိပ်ကမ်း၌ ကြက်ဥ၊ ချိုး၊ ခို၊ ကြက်၊ ဘဲဥ၊ ထောပတ်နှင့် နို့ထွက်ပစ္စည်းအစားအစာများ ပေါပေါများများ ရောင်းချနေသည်ကို တွေ့ရကြောင်း မှတ်တမ်းပြုခဲ့၏။ မြောက်ဦးဒင်္ဂါးတစ်ပြားပေးလျှင် ကြက်ဖလှလှ အကောင်သုံးဆယ်၊ ပိုက်ဆံနှစ်ပြားပေးလျှင် ကြက်ဥတစ်ရာရကြောင်း၊ ဈေးချိုသာလှကြောင်း ရေးခဲ့သည်။ ထိုအချိန်က မြောက်ဦး၏ အဓိကပို့ကုန်မှာ ဆန်စပါး၊ ကျွန်း၊ မဲနယ်၊ ချိပ်၊ ဆင်၊ အထည်ကြမ်းအနက်စ၊ ပျားဖယောင်း စသည်ဖြင့် တွေ့ရသည်။ ဆင်ရောင်းဝယ်ရေးမှာ နိုင်ငံခြားသားအကြိုက်ဟု ဆိုသည်။ မြောက်ဦးတွင် ဆင်တစ်ကောင်ကို ဒင်္ဂါး ၁၄၀၀ ခန့် ဈေးနှုန်းရှိသော်လည်း ပြည်ပရောက်လျှင် ဈေးနှုန်းမှာ လေးဆခန့်ရသည်ဟု ဆိုပေရာ ကုန်သွယ်သူတို့ တွက်ခြေအကိုက်ဆုံးဟု ဆိုကြသည်။ ထိုစဉ်က မြောက်ဦးတွင် ကျေးကျွန်ဈေးကွက်လည်း ရှိသည်။ ရခိုင်ဘုရင်တို့က တပည့်မွေး၊ စစ်မှုထမ်းခန့်ထားသော ပေါ်တူဂီတို့သည် ဘင်္ဂလားနယ်မှ လူများကို ဖမ်းဆီးပြီး မြောက်ဦးသို့ သယ်လာကာ ကျွန်အရောင်းအဝယ် ပြုကြသည်ဆို၏။ တစ်နှစ်တစ်နှစ် ကျွန်ဦးရေ ပျမ်းမျှ ၃၄၀၀ ခန့် အရောင်းရှိသည် ဆိုပေသည်။ ဆန်စပါးရောင်းဝယ်ရေးမှာ မြောက်ဦး၌ ဘုရင်က ချုပ်ကိုင်ထားသည်။ အထူး



ယခုအခါတွင် သျှစ်သောင်းပုထိုး၌ ထိန်းသိမ်းထားသည့် အာနန္ဒစန္ဒြားကျောက်စာတိုင်ပုံတူကို မြောက်ဦးရှေးဟောင်း သုတေသနပြတိုက်၌ တွေ့ရပုံ၊ အာနန္ဒစန္ဒြားကျောက်စာမှာ မူလက ဝေသာလီမြို့ဟောင်းမှ ဖြစ်သည်။ အေဒီ ၁၅၃၅ ခုတွင် မင်းဗာဘုရင်က ရွှေ့ယူလာခဲ့ခြင်း ဖြစ်၏။

mgyoe.com

 mgyoe.com





မြောက်ဦးခေတ် ငွေဒင်္ဂါးများ။




အေဒီ ၁၆–၁၈ ရာစု မြောက်ဦးခေတ် ငွေဒင်္ဂါးများ။



ဗြိတိဒင်္ဂါး။

mgyoe.com

mgyoe.com




ဝေသာလီခေတ်
အေဒီ ၄–၈ ရာစု
ပြိတိဒင်္ဂါးများ။




မြောက်ဦးခေတ် အေဒီ ၁၅–၁၈ ရာစု ဒင်္ဂါးရိုက်နှိပ်ကိရိယာ။




နိတိဒင်္ဂါး။

mgyoe.com



ဝေသာလီခေတ် အေဒီ ၄-၈ ရာစု လက်ရာ ဘေသဇ္ဇဂုရုမုဒြာ ရုပ်ပွားတော်။



ဝေသာလီခေတ် အေဒီ ၄-၈ ရာစုလက်ရာ ဈာနမုဒြာ ဗုဒ္ဓရုပ်ပွားတော်။



ဝေသာလီခေတ် အေဒီ ၄-၈ ရာစု ဘူမိဖဿမုဒြာ ရုပ်ပွားတော်။



ဝေသာလီခေတ် အေဒီ ၄-၈ ရာစု ဗုဒ္ဓရုပ်ပွားတော်။

mgyoe.com

သဖြင့် ဒတ်ချ်တို့က လက်ဝါးကြီးအုပ်နိုင်ရန် ကြိုးစားကြသော်လည်း ဆန်စပါးရောင်းဝယ်မှုကို ဘုရင်ကသာ တိုက်ရိုက်ကိုင်တွယ်ထားသည်။ ပြည်တွင်းရောင်းဈေးနှုန်း၊ ပြည်ပရောင်းဈေး နှုန်းကို ဘုရင်က နှစ်စဉ်သတ်မှတ် ကြေညာသည်။ မြောက်ဦးဘုရင်တို့သည် ဘင်္ဂလားမှ မလေး၊ အင်ဒိုအထိ ကမ်းရိုးတစ်လျှောက် အထောက်တော်များထားကာ ပြည်ပနိုင်ငံများ၏ ဆန်စပါးပေါက်ဈေးကို သိရှိအောင် ကြိုးစားထားပြီး ရောင်းဈေးသတ်မှတ်ခြင်း ဖြစ်ပေသည်။

မြောက်ဦးဘုရင့်နန်းတော်မှ လယ်သမားများကို အတိုးမဲ့ ငွေထုတ်ချေးသည်။ အမတော်ကြေးသဘော ဖြစ်၏။ စပါးပေါ်ချိန်၌ ဘုရင့်ကိုယ်စားလှယ်များက တောင်သူလယ်သမားတို့ထံမှ စာရင်းဇယားဖြင့် ကောက်ယူ၍ ဆန်စပါးသိမ်းသည်။ ဆန်စပါးသိုလှောင်နိုင်ရန် မြောက်ဦးမြို့၌ နိုင်ငံပိုင် စပါးကျီ (၄၁) ကျီ ရှိသည်ဟု ဆိုပေသည်။ စပါးကျီများမှာ ကျောက်သားများဖြင့် တည်ဆောက်ပြီး ရေမစိမ့်အောင်၊ စိုထိုင်းခြင်းမရှိအောင် ရေထွက်မြောင်းများဖောက်၊ ကုန်းမြင့်နေရာများတွင် ခေတ်မီစနစ်ကျသော နည်းများဖြင့် ဆောက်လုပ်ထားပြီး ဆန်စပါးသိုလှောင်သည်ဟု ဆို၏။ နှစ်စဉ်စုစည်းသိုလှောင်နိုင်သော စပါးကို စာရင်းချုပ်ပြုလုပ်ပြီး ပြည်တွင်းဈေးကို ပုံသေသတ်မှတ်ပြီး အတိုးအမြင့်မရှိ ပြည်သူများ စားသုံးရေးအတွက် လောက်ငအောင် ဆောင်ရွက်သည်။ စပါးအထွက်မကောင်းသော နှစ်များတွင် ဘုရင့်ဘဏ္ဍာတော်မှ စိုက်ထုတ်အကုန်ကျခံသည် ဆို၏။ နိုင်ငံခြားသားများက ပြည်ပပို့ကုန်အဖြစ် ဆန်စပါးဝယ်ယူရန် အာဏာပိုင်များထံ လျှောက်လွှာတင်ရပြီး အဆင့်ဆင့်စီစစ်၍ ရပ်ကွက်အာဏာပိုင်၊ သင်္ဘောခုတ်မောင်းမှု အာဏာပိုင်၊ အခွန်တော်ထမ်း အာဏာပိုင်များထံ စာရင်းစနစ်တကျဖြင့် ကျသင့်ငွေကို ပေးသွင်းကြရသည်။ ဘဏ္ဍာငွေသွင်းပြီးနောက် ပြည်ပထုတ်ခွင့်လက်မှတ်ကို ပြည်ပကုန်သည်များအား ထုတ်ပေးပြီး သယ်ဆောင်ရာ၌ ကျုံး၊ မြောင်းတို့၌ ရေတံခါးတာဝန်ခံများအား လက်မှတ်ပြပြီး သယ်ဆောင်ထုတ်ယူခွင့်ရကြ၏။

စပါးရောင်းဝယ်ရေးဌာန အများအပြားကို ကျောက်တော်၊ လက်ဝဲကမ်းယံ၊ ဝါဘို၊ ပေါက်တော၊ တပ်မော်၊ မင်းဘာ၊ မင်းဂံ၊ ဈေးကြီး၊ ရေတံခါး၊ ဝါဈေး၊ စပါးဆိပ်၊ ဒိုင်းကျီစပါးဆိပ် စသည့်နေရာများ ဖွင့်လှစ်ထားသည်ဟု မှတ်တမ်းများမှာ တွေ့ရသည်။ တကယ်တော့ ယခုခေတ် မျောစာသဘောဖြစ်ပေသည်။ စာရွက်စာတမ်း မပြည့်စုံပါက လှေသင်္ဘောများ သယ်ဆောင်ထွက်ခွာခွင့် မရကြပေ။

မြောက်ဦးမြို့တော် စီးပွားရေးကောင်း၍ ကြွယ်ဝခဲ့စဉ်က နိုင်ငံခြားသုံးငွေလဲလှယ်ရေး ရောင်းဝယ်ရေး ဈေးကွက် ဖြစ်ထွန်းခဲ့သည် ဆိုပေသည်။ မဂိုဒင်္ဂါး၊ ရခိုင်ဒင်္ဂါး၊ ဟိန္ဒူဒင်္ဂါး၊ ဒတ်ချ်တို့၏ ဖလောရင့်ဒင်္ဂါး စသည်ဖြင့် ကုန်သွယ်လာရောက်ကြသော ဥရောပမှ ကုမ္ပဏီလုပ်ငန်းကြီးများ၏ ငွေကြေးများကို မြောက်ဦး၌ လဲလှယ်ရောင်းဝယ်ရေးဈေးကွက်မှာ အတော်ကြီးမားခဲ့သည်ဆို၏။

ဖရေးမန်နရစ် မှတ်တမ်းပြုခဲ့သည်၌ မြောက်ဦးတွင် လာရောက်ကြသော ကုန်သည်၊ ခရီးသွားဧည့်သည်များ ပျားပန်းခပ်ရှိခဲ့ပြီး အိမ်နီးချင်း ဘင်္ဂလား၊ ပဲခူး၊ မုတ္တမတို့မှသာမက ယိုးဒယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စူမတြား၊ ဂျာဗား၊ မလေး၊ ဥရောပမှ ဒတ်ချ်၊ ပေါ်တူဂီ စသည့် ဒေသများမှ ကုန်သွယ်သူများ ဝင်ထွက်သွားလာ ကုန်ကူးကြသည်။ ဒတ်ချ်တို့က ကုန်တိုက်၊ ကုန်လှောင်ရုံပင် ဖွင့်ခဲ့ကြသည်ကို တွေ့ရသည် (ဘောင်းဒွတ်၌

mgyoe.com

ဒတ်ချ်၊ ပေါ်တူဂီ ကုန်တိုက်များ ရှိခဲ့၏) ဟု ဆိုပေသည်။ နိုင်ငံခြားကုန်သည်များသည် ရတနာ၊ ကျောက်မျက်၊ ရွှေ၊ ငွေ၊ သံ၊ သွပ်၊ ကြေးနီ၊ ရေနံ၊ သက်ဆိုင်ရာဒေသများမှ စားသောက်ကုန်၊ ဆေးဝါး၊ အမွှေးနံ့သာ၊ ကော်ဇော၊ သတ္တုအိုးမှအစ ဘိန်း၊ ပြဒါး စသည်အထိ မြောက်ဦးဈေးတွင် ဆိုင်ခင်း ရောင်းချကြကြောင်း မှတ်တမ်းရှိပေသည်။ မြောက်ဦးမတိုင်မီ ဝေသာလီခေတ်မှစ၍ ဘုရင်မင်းများက ဒင်္ဂါးသွန်းလုပ်ကာ သုံးစွဲခဲ့ကြသည်ကို တွေ့ရပြီး မြောက်ဦးမင်းပေါင်း သုံးဆယ်ခန့် ဒင်္ဂါးများကို သွန်းလုပ်သုံးစွဲခဲ့ကြောင်း တွေ့ကြရသည်။ ဒင်္ဂါးများတွင် မင်းအမည်၊ နန်းစံနှစ်များ ခတ်နှိပ်ထားကြသည် ဖြစ်၏။

မြောက်ဦးမြို့တော်အကြောင်းကို ရေးသား



ဝေသာလီခေတ် အေဒီ ၄–၈ ရာစု ဈာနမုဒြာ ဗောဓိသတ္တ ရုပ်ပွားတော်။




ဝေသာလီခေတ် အေဒီ ၄–၈ ရာစု ဘူမိဖဿမုဒြာ ရုပ်ပွားတော်။




ဝေသာလီခေတ် အေဒီ ၄–၉ ရာစု ဗျဿပါလမုဒြာ ကြေးဆင်းတုတော်။

 mgyoe.com






ဝေသာလီခေတ် အေဒီ ၄-၈ ရာစု ဘူမိဖဿမုဒြာ ရုပ်ပွားတော်။




ဝေသာလီခေတ် အေဒီ ၄-၉ ရာစု မဟာကျန်ကြေးဆင်းတု။




ဝေသာလီခေတ် အေဒီ ၆ ရာစု ကျောက်ဆစ်ရုပ်တု။

mgyoe.com




ဝေသာလီခေတ် အေဒီ ၄-၈ ရာစု လက်ရာ ရုပ်တော်မှ ရုပ်ပွားတော်။



ဝေသာလီခေတ် အေဒီ ၄-၈ ရာစု အဘာယဓရ ရုပ်တော်မှ သဲကျောက်ရုပ်ပွား။




ဝေသာလီခေတ် အေဒီ ၄-၈ ရာစု အုတ်ခွက်ဘုရား။




ဝေသာလီခေတ် အေဒီ ၄-၈ ရာစု အုတ်ခွက်ဘုရား။



ဝေသာလီခေတ် အေဒီ ၄-၈ ရာစု အုတ်ခွက်ဘုရား။

ခဲ့ကြသော စာအုပ်စာတမ်း မှတ်တမ်းများ၌ ဗြိတိသျှ ကိုလိုနီခေတ်က အရာထမ်းလည်းဖြစ် စာရေးဆရာ တစ်ဦးလည်းဖြစ်သော မောရစ်ကောလစ် (Mouriee Collis) ရေးသားခဲ့သည့် မြောက်ဦးရွှေမြို့တော် စာအုပ်တွင် အေဒီ ၁၆၃၀ ကျော်ကာလမှာ ရခိုင်ပြည် တွင်း ငြိမ်းချမ်းသာယာခဲ့ခြင်း၊ နိုင်ငံရပ်ခြားတပ်များ နှင့် စစ်မက်ပြိုင်ရာ၌ အရေးသာခဲ့ခြင်းတို့ကြောင့် မနအင်အား စုဆောင်းမိ၍ တိုင်းပြည်အုပ်ချုပ်ရေး၌ လည်း နန်းလုပွဲများမရှိ၊ မင်းတစ်မင်းနှင့်တစ်မင်း အေးချမ်းစွာ နန်းလွှဲနိုင်ခဲ့သော မင်းဆက်များ ငြိမ် သက်စွာ အဆက်ဆက် စိုးစံနိုင်ခဲ့သည်ဖြစ်ရာ သာယာ အေးချမ်း ကြီးပွားတိုးတက်ခဲ့ကြသည်ဟု ရေးသားခဲ့ ပေသည်။

ပထဝီအနေအထားအရ မြောက်ဦးမြို့တည် နေပုံကလည်း ထူးခြားသည်။ ပင်လယ်ကမ်းခြေမှ ကုန်းတွင်းပိုင်း မိုင် ၅၀ ကျော် ၆၀ ခန့်တွင် တည်ရှိ ပြီး မြောက်ဦးမြို့သို့ ဆက်သွယ်နေသော ရေနက် ချောင်းများမှာ ယင်းခေတ်ကာလ အကြီးဆုံးဆိုသည့် ပင်လယ်ကူး လှေသင်္ဘောကြီးများပင် မြို့တော် အရောက် ဝင်ထွက်နိုင်ခဲ့ကြသည်။ ထို့အတွက် မြောက်ဦးမြို့တော်သည် ဆိပ်ကမ်းမြို့တစ်ခုအဖြစ် အခွင့်သာသော အနေအထားကို ပိုင်ဆိုင်ထားပေ သည်။ လုံခြုံရေးအရ အနေအထားကိုကြည့်လျှင် ရန်သူရေတပ်များ အလစ်အငိုက် ဝင်ရောက်တိုက် ခိုက်နိုင်ခွင့် မရှိပေ။ အပြောကျယ်သော လယ်မြေ စပါးစိုက်ခင်းကြီးများလည်း မြောက်ဦးမြို့တော်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည်။ မြို့တော်၏ နောက်ကျော အရှေ့ဘက်ခြမ်း၌ မြန်မာပြည်မနှင့် ဆက်သွယ်ရန် တောင်တန်းကြီးများကို ဖြတ်ကျော် ဖောက်လုပ်ထားသော လမ်းဟောင်းကြီးတစ်ခု တွေ့


mgyoe.com

ရသည်။ အနောက်မြောက်ဘက်သို့လည်း အိန္ဒိယနိုင်ငံနှင့် ကူးလူးဆက်ဆံရန် လွယ်ကူသော လမ်းရှိသည်ဟု မောရစ်ကောလစ်က ရေးသားကောက်ချက်ပြုခဲ့သည်။ ထို့အတွက် မြောက်ဦးသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ကမ်းခြေရှိ ကူးသန်းရောင်းဝယ်ရေး ဗဟိုအချက်အချာ အခွင့်အလမ်းရှိခဲ့သည်ကို သဘာဝကျစွာ တွေ့ရသည်ဟု ဆိုထားပေသည်။

မြောက်ဦးမြို့တော် တည်ထားပုံမှာ အခြားမြို့ဟောင်းများနှင့်မတူ မြို့ကွက်မှာ အဝန်းအဝိုင်းလည်း မကျ၊ မြို့ရိုးများမှာလည်း နံရံလေးဖက်ထောင့်မှန်စတုဂံလည်း မကျ၊ မြို့တော်တံခါးများမှာလည်း အကွာအဝေးညီစွာ ဖောက်လုပ်ထားခြင်း မရှိ၊ မြို့ကွက်သဏ္ဌာန်ကို တိကျစွာမဖွဲ့ဘဲ တည် နေရာမြေမျက်နှာအသွင်အပြင် အနေအထားပေါ်


ဝေသာလီခေတ် အေဒီ ၄-၈ ရာစု အုတ်ခွက်ဘုရား။

မူတည်၍ ဆောက်တည်ထားခြင်း ဖြစ်သည်။ မြို့တော်ဗဟိုဟုဆိုရမည့် နန်းရာကုန်းမှာ ပေ ၆၀ ခန့်မြင့်သော သဘာဝတောင်ကုန်း (တောင်ကုန်းနှစ်ခု


လေးမြို့ခေတ် အေဒီ
၈-၁၄ ရာစု
အုတ်ခွက်ဘုရား။

mgyoe.com

mgyoe.com




လေးမြို့ခေတ်
အေဒီ ၈–၁၄ ရာစု
အုတ်ခွက်ဘုရားများ။



လေးမြို့ခေတ် အေဒီ ၈–၁၄ ရာစု အုတ်ခွက်ဘုရား။



လေးမြို့ခေတ် အေဒီ ၈–၁၄ ရာစု အုတ်ခွက်ဘုရား။

mgyoe.com




လေးမြို့ခေတ် အေဒီ ၈–၁၄ ရာစု အုတ်ခွက်ဘုရား။



မြောက်ဦးခေတ် အေဒီ ၁၆ ရာစု
ပဋ္ဌ လောကမဟာကျန်ဗုဒ္ဓ ဆင်းတုတော်။




ဝေသာလီခေတ် အေဒီ ၄–၈ ရာစု ဘူမိဖဿမုဒြာ
ကြေးဆင်းတုတော်။



လေးမြို့ခေတ်
အေဒီ ၈–၁၅ ရာစု
ဘူမိဖဿမုဒြာ
ကြေးဆင်းတုတော်။

mgyoe.com

မြောက်ဦးခေတ် အေဒီ ၁၅-၁၈ ရာစု
ဘုရားကန်တော့ဟန် ကြေးရုပ်တု။




မြောက်ဦးခေတ် အေဒီ ၁၅-၁၈ ရာစု ခဲပြားဘုရား။

သုံးခုကို မြေညှိထားသောနေရာဟု အစဉ်အလာစကား ဆိုကြသည်)ပေါ်တွင် တည်ထားသည်။ တောင်ကုန်းထိပ်၌ နန်းမဆောင်ရှိ၍ ကျောက်သားတံတိုင်းသုံးဆင့်၊ ကျုံးတစ်ခုတို့ဖြင့် ကာရံထားသည်ဟု ရောက်ခဲ့ဖူးသော မန်နရစ်က ဆိုကြောင်း မောရစ်ကောလစ်က ရေးခဲ့သည်။ နန်းတည်ဟန်မှာ အိန္ဒိယဟန်မပေါက်၊ မြန်မာဟန်သာ ဖြစ်သည်ဟု မှတ်ချက်ပေးထားပေသေးသည်။ ထိုနန်းတော်၏ အခြေပတ်လည်တွင် အတော်အတန်ကျယ်သော မြို့တစ်မြို့ ဖြန့်ကြက်တည်ရှိခဲ့သည်ဟုလည်း မှတ်တမ်းက ဆိုပေသည်။ မန်နရစ်၏ မှတ်တမ်းအရ သူ ရောက်ခဲ့ချိန် အေဒီ ၁၆၃၀ ခန့်က မြောက်ဦးတွင် လူဦးရေ ၁၆၀၀၀၀ ဝန်းကျင် နေထိုင်ကြသည်ဟု ဆိုထားသေးသည်။

မောရစ်ကောလစ် ရေးသားခဲ့သော မန်နရစ်၏ မှတ်တမ်းအဆိုအရ "ကြီးမားကျယ်ပြော၍ ရေလှိုင်းတဖွေးဖွေး ထနေသော မြစ်တစ်စင်းက မြို့တော်၏ အလယ်ဗဟိုကို တိုးလျှိုပေါက်ဖြတ်၍ စီးဆင်းနေပေရာ ရေယာဉ်ကြီးငယ် အသွယ်သွယ်တို့ လွယ်ကူစွာ ကူးသန်းသွားလာနိုင်သည့် ရေလမ်းများ ဖြစ်နေပေသည်။ လူနေအိမ်များကို ချောင်းရိုးများတစ်လျှောက် ကုန်းစောင်းများအတိုင်း ဆောက်လုပ်ထားကြသည်" ဟု ဆို၏။

ရခိုင်ရှေးဟောင်းမြို့တော်များ စာအုပ်တွင်


mgyoe.com

ရေးသားသူ ထွန်းရွှေခိုင် (စစ်တွေကောလိပ်) က မြောက်ဦးမြို့တော်ဟူသည့် ကဏ္ဍတွင် "ဤမြစ်ကြောင်း (ဒီရေအတက်အကျရှိသော အောင်တပ်ချောင်း)မှ ပင်လယ်သို့ထွက်ရန် လမ်းနှစ်ခုရှိသည်။ ပထမလမ်းမှာ သဘော်ဆိပ်မှလမ်းဖြစ်သည်။ ဒုတိယလမ်းမှာ မြောက်ဦးတွင် နိုင်ငံခြားသားအများဆုံး နေထိုင်ကြသော ဒိုးဘက်ဇီး (Dobazi) ၏ ဘေးနားလမ်းဖြစ်သည်။ ဒီရေတက်သောအခါ ရေတံခါးခုနစ်ပေါက်မှ အရှိန်ပြင်းစွာ မြည်ဟည်း၍ ရေများ ဝင်ရောက်လာတတ်ပြီး ရေအကျတွင်လည်း အရှိန်နှင့်ပင် ကျသွားတတ်သည်။ ဒီရေထရက်များဖြစ်သော လပြည့်လကွယ်ရက်များတွင် ဤဖြစ်စဉ်ကို ပိုတွေ့ရသည်" ဟူ၍ ရေးသားထားပေသည်။

* * *

ရခိုင်သမိုင်းနှင့် ပတ်သက်၍ ကိုလိုနီခေတ်က အိန္ဒိယသမိုင်းပါမောက္ခ ဂျွန်စတန် (E. H Johnstan)၊ သမိုင်းဆရာ ဟောလ် (G E Hall)၊ ဗြိတိသျှ အရာရှိကြီးလည်းဖြစ် စာလည်းရေးသားသူ ဆာအာသာဖယ်ယာ (Arthur Phayre) သမိုင်းစာရေးဆရာ ဟာဗေး (E. E Harvey)၊ ရှေးဟောင်းကျောက်စာဝန် ဖော်ချမ်မာ (E. Forchhammer)၊ ရှေးဟောင်းကျောက်စာဌာန အရာရှိ ချားလ်ဒူရွိုင်ဆယ် (C. Duroiselle)၊ ရန်ကုန်ကောလိပ်ပါမောက္ခ ဆရာလုစ် (G H Luee)၊ အိန္ဒိယကျောက်စာဝန်


မြောက်ဦးခေတ် အေဒီ ၁၅–၁၈ ရာစု ခဲပြားဘုရား။



မြောက်ဦးခေတ် အေဒီ ၁၅–၁၈ ရာစု ဖန်ဆင်းတုတော်။



မြောက်ဦးခေတ် မဏ္ဍိုင်စေတီငယ် အေဒီ ၁၅–၁၈ ရာစု လက်ရာ။



မြောက်ဦးခေတ် အေဒီ ၁၅–၁၈ ရာစု ကြေးဆင်းတုတော်။

မြောက်ဦးခေတ် အေဒီ ၁၅–၁၈ ရာစု သလင်းကျောက်ဆင်းတုတော်များ။




mgyoe.com

mgyoe.com



မြောက်ဦးခေတ်
အေဒီ ၁၅–၁၈ ရာစု
ကြေးဆင်းတုတော်။

mgyoe.com

mgyoe.com



မြောက်ဦးခေတ်
အေဒီ ၁၅–၁၈ ရာစု
လက်ရာစေတီငယ်နှင့်
ကျောင်းဆောင်အတွင်း
ရုပ်ပွား။
ကြေးလက်ရာ
ဖြစ်သည်။

mgyoe.com




မြောက်ဦးခေတ် အေဒီ ၁၅–၁၈ ရာစု ကြေးဆင်းတုတော်။

mgyoe.com

mgyoe.com



လေးမြို့ခေတ်
အေဒီ ၉-၁၅ ရာစု
ရမ္မ ဒသနမုဒြာ
ယပ်တောင်ကာ
ရုပ်ပွားတော်။




လေးမြို့ခေတ်
အေဒီ ၉–၁၅ ရာစု
ယပ်တောင်ကာ
ရုပ်ပွားတော်။



လေးမြို့ခေတ် အေဒီ ၉–၁၅ ရာစု
သာဝကရံဗုဒ္ဓရုပ်ပွားတော်။



ဆာကာ (D C Sircar) ၊ ရှေးဟောင်းကျောက်စာဌာန မြန်မာပညာရှိ ဦးလူဖေဝင်း၊ ရခိုင်အမျိုးသား ရှေးဟောင်းကျောက်စာဌာန အရာရှိ ဦးစံရွှေဘု စသည်ဖြင့် ပညာရှင်အများအပြားက ဓညဝတီ၊ ဝေသာလီ၊ မြောက်ဦးအထောက်အထားများကို ရှာဖွေစူးစမ်းခဲ့ကြသည်။ ရှေးဟောင်းအမွေအနှစ် သမိုင်းသက်သေများကို ရှာဖွေစုဆောင်းကြသည်။ ကျောက်စာအတော်များများကို ရှာဖွေဖတ်ရှု ဖော်ထုတ်ခဲ့ကြသည်။

ရခိုင်ဒေသနှင့် ပတ်သက်၍ သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းက

မြောက်ဦးခေတ် အေဒီ ၁၅–၁၈ ရာစု စိဝရဟတ္ထမုဒြာ ရုပ်တော်မှ ကြေးဆင်းတုတော်။

"ရခိုင်၌တွေ့ရသော ရှေးကျောက်စာအားလုံးပင် ဂုပ္တလက်ရေးနှင့်ဖြစ်၍ ခရစ်နှစ် အေဒီ ခြောက်ရာစုအလယ်မှ ရှစ်ရာစုအတွင်း၌ ရေးထိုးခဲ့ကြရာ၏ဟု ခန့်မှန်းကြသဖြင့်လည်းကောင်း၊ အဆိုပါကျောက်စာတို့သည် (ခြောက်ရာစုခန့်က ပါဠိဘာသာနှင့်ရေးထိုးသော ဝေသာလီဘုရားကြီးကုန်းကျောက်စာနှင့် သင်းချပ်တော်တောင်မှ အေဒီ ၆၃၀ ခန့်က ပါဠိပျက်ရေးထားသော ကျောက်ပုံမှတစ်ပါး) အားလုံးပင် သက္ကတဘာသာနှင့် ရေးထိုးထားကြသဖြင့်လည်းကောင်း၊ ရခိုင်တွင် ခြောက်ရာစုမတိုင်မီကပင် စာရေးစာဖတ်တတ်လျက် ယဉ်ကျေးပြီး မဟာယာနဗုဒ္ဓဝါဒီများ နေခဲ့ပါသည်ဟု ဆိုရချေမည်"

***(ခေတ်ဟောင်းမြန်မာရာဇဝင်၊***
***ပြန်လည်ပုံနှိပ်ခြင်း ၂၀၁၇၊***
***စာမျက်နှာ – ၆၅၊ ရခိုင်ခေတ်ဦး)***

ဟူ၍ ကောက်ချက်ပြုထားပေသည်။ ဆရာကြီးဒေါက်တာသန်းထွန်းက ဝေသာလီခေါင်းလောင်းစာကို အေဒီ ၅၅၀ ခန့်ကဟု ခန့်မှန်းထားပြီး၊ ဝေသာလီ ဥဏ္ဏိသကတောင်ဘုရား၌ တွေ့ခဲ့ရသော နီတိစန္ဒြမင်း (အေဒီ ၅၂၀ – ၅၇၅) ၏ မိဖုရား သာဝိတ်ာစန္ဒြဂြိယာ၏ ကျောက်စာမှာလည်း အေဒီ ၅၅၀ ခန့်ကဟု ခန့်မှန်းထားရာ အစောဆုံးစာများဟု ဆိုပါသည်။

ယခုအခါ၌ သျှစ်သောင်းပုထိုးတော်ကြီး မုခ်ဦးအတက် ဝဲဘက်၌ ထိန်းသိမ်းထားသော အာနန္ဒစန္ဒြကျောက်စာတိုင်မှာ ထူးခြားလှပြီး၊ ထိုကျောက်စာတိုင်၌ လေးမျက်နှာရှိရာ တစ်မျက်နှာ၌ အေဒီ ၇၂၀ တွင် နန်းတက်သော အာနန္ဒစန္ဒြမင်းက နန်းတက်ပြီး ကိုးနှစ်အကြာတွင် ရေးထိုးခဲ့သည်ဟု ဆိုသည်။ မူလကျောက်စာတိုင်၏ တစ်မျက်နှာတွင် အာနန္ဒစန္ဒြမင်းထက် နှစ် ၂၀၀ စောပြီး ရေးထိုးသော စာရှိ၍ နောက်တစ်မျက်နှာတွင် အာနန္ဒစန္ဒြမင်းထက် နှစ် ၄၀၀ စော၍ ရေးထိုးထားသော စာများပါရှိသည်ဟု ဆိုပါသည်။ ထိုကျောက်စာတိုင်မှာ အလွန်ထူးခြားပေသည်။ ကျောက်စာတိုင်တစ်ခုကို နှစ်ပေါင်း ၂၀၀ စီခြား၍ ရေးထိုးထားသော ထိုကျောက်စာမျိုးကား ထိုတစ်ခုသာ ရှိမည်ဖြစ်ပါသည်။ အာနန္ဒစန္ဒြ၏ ထိုကျောက်စာရေးထိုးနှစ်ကို အေဒီ ၇၂၉ ခု ခန့်မှန်းကြသည်။ ကျောက်စာပညာရှင် ပါမောက္ခဂျွန်စတန်က ကျောက်စာတွင် ရေးထိုးနှစ်မပါသော်လည်း ကျောက်စာအရေးအသားမှာ နာလန္ဒမှ ယဂေါဝန်မန်ကျောက်စာနှင့် လက်ရေးမှ အစ ရေးသားသီကုံးပုံ တစ်ထပ်တည်းတူကြောင်း ဆိုကာ ထိုကျောက်စာနှစ်ချပ်မှာ ခေတ်ပြိုင်အချိန်တူ ရေးထိုးခဲ့သည်ဟု ကောက်ချက်ပြုခဲ့ခြင်းဟုဆိုသည်။ နာလန္ဒကျောက်စာကို ကျောက်စာပညာရှင် ဒေါက်တာဒီစီဆာရ်ကာရ်က ရေးထိုးနှစ်အား အေဒီ ၇၂၉ ခန့်ဟု ခန့်မှန်းသတ်မှတ်ထားသည်ဖြစ်၏။ အာနန္ဒစန္ဒြမင်းထက်စောသော စာနှစ်မျက်နှာမှ စာများမှာ ဖတ်၍မရအောင် ပျက်ယွင်းနေသည်ကို အထူးဝမ်းနည်းဖွယ် တွေ့ရသည်။ ယင်းကျောက်စာတွင် ရခိုင်ခေတ်ဦးမင်းဆက် သုံးဆက်ရှိကြောင်း ပါရှိသည်။ အာနန္ဒစန္ဒြကျောက်စာအရ မင်းဆက်များ၏ နန်းသက်နှင့် နန်းတက်သက္ကရာဇ်ကို တွက်ချက်ရာ ဘီစီ ၅၁၈ မှ မင်းဆက်စတင်ပြီး အေဒီ ၇၂၀ ကျော်အထိ နှစ်ပေါင်း ၁၃၀၀ ခန့် ပြဆိုသည်။ ရှေ့ပိုင်းမင်းဆက်များ၏ အထောက်အထားကို မတွေ့နိုင်သော်လည်း ဝေသာလီခေတ်ကာလက ထုတ်ခဲ့သော ဒင်္ဂါးပြားများ ဝေသာလီမှ တူးဖော်ရရှိခဲ့ရာ အစောဆုံး ဒင်္ဂါးမှာ အေဒီ ၄၅၄– ၄၇၆ တွင် နန်းစံခဲ့သည်ဟု ကောက်ချက်ပြုရသော ဒေဝစန္ဒြ

mgyoe.com



လေးမြို့ခေတ် အေဒီ ၈–၁၅ ရာစု သာဝကရံ ဗုဒ္ဓရုပ်ပွားတော်။

mgyoe.com

mgyoe.com

လက်ထက်က ဒင်္ဂါးပြားကို မှတ်တမ်း စတင်တွေ့ရသည်။

ရခိုင်ဒင်္ဂါးပြားများမှာ သမိုင်းအတွက် အဖိုးတန်လှသည်ဖြစ်၏။ ဆရာကြီး ဒေါက်တာသန်းထွန်း၏ ရခိုင်ခေတ်ဦးစာတမ်း၌ "ရခိုင်ဒင်္ဂါးအချို့အကြောင်း"ဟူသော အမျိုးသမီး သမိုင်းသုတေသီတစ်ဦးဖြစ်သည့် စီ၊ အေ၊ ရပ်စတန်၏ စာတမ်းကို ကိုးကားထားရာ အရေးပါလှသည်။ ရပ်စတန်က သူ့စာတမ်းကို ၁၉၆၂ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့ထုတ် နေရှင်း တနင်္ဂနွေ အထူးထုတ် သတင်းစာတွင် ဖော်ပြခဲ့ကြောင်းဆိုသည်။

စာတမ်း၏ သဘောအချုပ်မှာ "ရခိုင်ဒင်္ဂါးများမှာ ငွေဒင်္ဂါးများဖြစ်၏။ ယခုအခါ ဗြိတိသျှပြတိုက်၊ ကာလကတ္တားပြတိုက်၊ လီနင်ဂရက် အာမိတာဂိုပြတိုက်တို့တွင်လည်းကောင်း၊ ဆာလ်စဗရီမှ မစ္စတာရှော့ထ်ထံတွင်လည်းကောင်း၊ တဂိုး၏ ကျန်ရစ်သောပစ္စည်းစုတွင်လည်းကောင်း အများအပြား တွေ့နိုင်ပါသည်။ များသောအားဖြင့် ဒင်္ဂါးတစ်မျက်နှာတွင် ဘယ်ဘက်သို့မဟုတ် ညာဘက်သို့ ဦးခေါင်းပြု၍ ရပ်နေသော နွားလားဥသဘတစ်ကောင်ပါ၏။ ပန်းကုံးလည်တွင် စွပ်လျက်ရှိသည်။ နွားလားပေါ်၌ ဒင်္ဂါးကို သွန်းလုပ်သော မင်းအမည်ကို နာဂရီ စာနှင့် ရေးသော စာတန်းတစ်တန်းပါ၏။ အမည်နှင့် နွားကို ဗိန္ဒုဝိုင်းသည်။ ဒင်္ဂါး၏အခြားတစ်ဖက်၌ ခက်ရင်းသုံးခွပါသည်။ သီရိဝစ္ဆဟူ၍လည်း ခေါ်နိုင်ပေသည်။ ဒင်္ဂါးကြီးလျှင် ထိုခက်ရင်း၏ဝဲယာတွင် သပြေခက်တစ်ခက်စီ သွယ်တန်းကျဆင်းနေသည်ကို အသေအချာ မြင်နိုင်၏။ ထို့ပြင် အထက်ဆုံး၌ အလယ်ခက်ရင်း၏ ဝဲယာတွင် နေလသင်္ကာန်များ ပါရှိသည်။ ခက်ရင်းအောက်၌ ဗိန္ဒုတန်းပါ၏။ ယင်းတို့အားလုံးကို ကြိုးတစ်တန်း၊ ဗိန္ဒုတစ်တန်း ဝိုင်းသည်။ အခေါ်လွယ်စေရန် ထိုဒင်္ဂါးမျိုးကို နွားခက်ရင်းဒင်္ဂါးဟု ခေါ်လိုပါသည်။ နောက်တစ်မျိုးကား တစ်ဖက်တွင် ခရုသင်းပုံပါ၍ အခြားတစ်ဖက်တွင် ခက်ရင်းပုံပါ၏။ ထို့ကြောင့် ထိုဒင်္ဂါးမျိုးကို ခရုခက်ရင်းဒင်္ဂါးဟု ခေါ်လိုပါသည်။ ဗိသနိုးနတ်မင်း လက်သုံးခရုသင်းနှင့် သီဝနတ်မင်း၏ လက်သုံးခက်ရင်းသုံးခွကို တွဲထားသဖြင့် ဟာရိဟာရဂိုဏ်း၏ သဘောပါသည်ဟု ယူဆနိုင်ပါသည်။ ပျူဒင်္ဂါးများလို ယုံကြည်မှုသရုပ်ပြ ဒင်္ဂါးများမဟုတ်ချေ။ ပိုက်ဆံအဖြစ် သုံးစွဲသောဒင်္ဂါးများဖြစ်ကြောင်း ထင်ရှား၏"ဟု ဆရာကြီး ဒေါက်တာသန်းထွန်းက မှတ်တမ်းပြုခဲ့၏။ ဒင်္ဂါးအများဆုံး တွေ့ရသော နေရာမှာ ဝေသာလီဟု ဆိုပေသည်။

ဆရာကြီး ဒေါက်တာသန်းထွန်းကမူ

"အချုပ်ဆိုရသော် ရခိုင်တွင် မြို့ပြတည်၍ စာပေအရေးအသား တတ်ကျွမ်းလျက် ဗုဒ္ဓဝါဒီ၊ ဗြဟ္မဏဝါဒီရှိသူတို့ ခရစ် နှစ်ဦးမှ ရှစ်ရာစုအထိ ရှိနေကြသည်ဟု ဆိုနိုင်သည်။ ငွေဒင်္ဂါးများ သွန်းလုပ်၍ ရောင်းဝယ်ရာတွင် ပိုက်ဆံအဖြစ် သုံးသည်။ ထိုသူတို့ကား မြန်မာနိုင်ငံ အလယ်ပိုင်းမှ ပျူတို့နှင့် ခေတ်ပြိုင်ဖြစ်သည်"

ဟု နိဂုံးကောက်ချက် ပြုခဲ့သည်။ နွားခက်ရင်းဒင်္ဂါးများကို နိတိစန္ဒြ (အေဒီ ၅၂၀ – ၅၇၅) အမည်ဖြင့် သုံးမျိုးသုံးစားတွေ့ရသည်ဟု မှတ်တမ်းရှိ၏။ အကြီး၊ အလတ်၊ အသေး သုံးမျိုးကို တွေ့ရပေရာ ကျပ်သုံး၊ ငါးမူးသုံး၊ မတ်သုံးဟု ယူဆရပေသည်။

* * *

မြန်မာနိုင်ငံတွင် စေတီပုထိုးများ အလွန်ပေါကြွယ်ဝပေသည်။ နိုင်ငံတော်အတွင်း ဒေသအများအပြား၌ စေတီပုထိုး ထောင်ချီ၍ ရှေးအဆက်ဆက်ကတည်းက ထားခဲ့ကြသည်။ များပြားလှသော

mgyoe.com

mgyoe.com

စေတီပုထိုးများ အရေအတွက်ကို မှတ်ထားကြရာ၌ အလွန်များပြားလှသဖြင့် စာချိုးလင်္ကာဖြင့် မှတ်ထားကြသည်ကိုပင် တွေ့ရသည်။

ပုဂံဒေသတွင် "လှည်းဝင်ရိုးသံ တည်ညည် ပုဂံဘုရားပေါင်း"၊ အထက်မြန်မာနိုင်ငံ ကချင်ပြည်နယ်ဒေသ ရွှေဂူအနီး၌ "တစ်တီတူး တွန်ကျူးကျော် ရွှေဂူကျွန်းတော်"၊ "ချင်းတွင်းဒေသ၌ မုံရွာတစ်ဖက်ကမ်း ဖိုဝင်းတောင်၌ရှိသော ဘုရားပုထိုး အရေအတွက်ကို "ရွှေလသာ ဝါဝါဝင်းဖိုဝင်းဘုရားပေါင်း" ဟူသော သံပေါက်စာချိုးရှိသလို ရခိုင်ဒေသ၌ "သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဟု မှတ်သားကြသည်။

မြောက်ဦးဒေသတွင် ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ မြောက်ဦးဌာနခွဲမှ ၂၀၀၀ ပြည့်နှစ်ကျော်ကာလတွင် မြောက်ဦးဒေသရှိ ရှေးဟောင်းအဆောက်အအုံ ဘုရားပုထိုးစေတီများကို စာရင်းကောက်ယူ မှတ်တမ်းပြုခဲ့ရာ ၂၀၀၄ – ၂၀၀၅ ခုနှစ်အတွင်း ကောက်ခဲ့ကြရာ၌ စုစုပေါင်း အရေအတွက် (၃၅၇) ဆူကို တွေ့ရှိရသည်ဟု ဆိုပါသည်။ ထို့အပြင် ရခိုင်သမိုင်းနှင့် ဆက်စပ်သော ရှေးဟောင်းအမွေအနှစ်ပစ္စည်း၊ ကျောက်စာ၊ ကျောက်ဆစ်ရုပ်တု၊ ဗုဒ္ဓဆင်းတုတော် စသည်ဖြင့် ပစ္စည်းအမျိုးအမည်များစွာကိုလည်း တွေ့ရသည်။ စစ်တွေမြို့ရှိ ဗုဒ္ဓပြတိုက် (ယခင်က မဟာကုသလ ကျောင်းတိုက်ရှိ ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ စုဆောင်းထားသော ပစ္စည်းများ၊ မြောက်ဦးမြို့မှ ဗန္ဓုလ ကျောင်းတိုက် (ယခုအခါ စန္ဒမုနိဘုရားကြီးကျောင်း) ရှိ ရှေးဟောင်းပစ္စည်းများ၊ မြောက်ဦး ရှေးဟောင်း သုတေသနပြတိုက်၌ စုဆောင်းထားသော ရှေးဟောင်း ပစ္စည်းများ (စုဆောင်းရရှိထားသလောက် အားလုံး မခင်းကျင်းနိုင်ဘဲ အများအပြားကို သိမ်းဆည်း ထိန်းသိမ်းထားသည်ဟု ဆိုပါသည်) ရာထောင်ချီ၍ တွေ့ရှိနိုင်ပေသည်။

မြောက်ဦးခေတ်သက်တမ်း နှစ်ပေါင်း ၃၅၀ကျော် ရှိခဲ့ရာ ရှေးဟောင်းသုတေသနဦးစီးဌာန၏ အဆိုအရပင် စေတီ၊ ပုထိုးပေါင်း ၃၅၇ ဆူ ရှိသည်ဆိုပေရာ အလွန်များပြားလှပေသည့် မြောက်ဦးမြို့ဝန်းကျင် မြို့တော်ဟောင်းအဝန်းအဝိုင်း၌ ရှိသော စေတီပုထိုး၊ ရုပ်ပွားတော်၊ ဆင်းတုတို့၌ ဝေသာလီခေတ်ကာလ၊ လေးမြို့ခေတ်ကာလ အမွေအနှစ်အချို့ ပါဝင်နေသည်ကိုလည်း တွေ့ရပေသေးသည်။

မြောက်ဦးရှေးဟောင်းသုတေသန ပြတိုက်၌ ဝေသာလီခေတ် အေဒီ ၄ – ၈ ရာစု ဗုဒ္ဓရုပ်ပွားတော်များ ကျောက်ဆစ်လက်ရာများ အများအပြား ပြသထားသည်။ ဝေသာလီခေတ် (အေဒီ ၄ ရာစုမှ ၈ ရာစုကြား)၊ လေးမြို့ခေတ် (အေဒီ ၈ ရာစုမှ ၁၅ ရာစုကြား) ကာလ၊ ဝေသာလီဘုရင် မဟာတိုင်းစန္ဒြား၏ ကုသိုလ် သာရပဗ္ဗတစေတီကို တည်ထားခဲ့သည်ဟု ဆိုပါသည်။ မြောက်ဦးမြို့တော်ဖြစ်လာမည့် ဧရိယာတွင် ဖြစ်၏။ နေရာမှာ နောင် နန်းတော်ကုန်းဖြစ်လာသည့်နေရာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ မြောက်ဦးခေတ်၌ နောင် တည်ထားသည့် မှတ်ဆိတ်တော်စေတီ၏ အရှေ့ဘက်၊ လောင်ပွန်းပြောက်စေတီ၏ အနောက်ဘက်တွင် တည်ထားခဲ့သည်ဟု ဆိုသည်။ မြောက်ဦးခေတ်တွင် ဘုရင်နရနုစောမွန် (မင်းခရီ) (အေဒီ ၁၄၃၃ – ၁၄၅၉) က တစ်ကြိမ်၊ ဘုရင်မင်းဗာကြီး (အေဒီ ၁၅၃၁ – ၁၅၅၃) က တစ်ကြိမ်၊ ဘုရင် နရပတိ (အေဒီ ၁၆၃၈ – ၁၆၄၅) က တစ်ကြိမ် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့သည်ဟု မှတ်တမ်းရှိသည်။ ထိုစေတီမှ မုခ်ဝကျောက်ဆစ်လက်ရာတိုင်၊ ကျောက်ဆစ်နတ်ရုပ်၊ ခြသေ့်ကျောက်ဆစ်ရုပ်၊ ခါတ္တလင်္ကာရကျောက်ဆစ်လက်ရာတို့ကို တွေ့ခဲ့ရ၍ မြောက်ဦးရှေးဟောင်း

mgyoe.com